# ဝန်ဆောင်မှုက များစွာ... နေရာက တစ်ခုတည်း။

**ဘေးရန်ကင်းရှင်းရေးဆိုင်ရာ အစီအမံရေးဆွဲခြင်း၊ အများပြည်သူဆိုင်ရာ အကျိုးခံစားခွင့်များ၊ အိုးအိမ်နှင့် အခြားလိုအပ်ချက်များအပါအဝင် လိုအပ်သော ဝန်ဆောင်မှုများနှင့် ချိတ်ဆက်နိုင်ရန်အတွက် အကူအညီပေးရန် လမ်းညွှန်ပြသပေးသူများ။**

---

**အကြမ်းဖက်မှု၏ စိတ်ဒဏ်ရာရစေသော နောက်ဆက်တွဲအကျိုးဆက်ကို ရင်ဆိုင်ကျော်ဖြတ်ရာတွင် လူကြီးများနှင့် ကလေးများကို ကူညီပံ့ပိုးရန် နှစ်သိမ့်ဆွေးနွေးသူများနှင့် ကုထုံးပညာရှင်များ။**

---

**ဘတ်ဂျက်ရေးဆွဲခြင်း၊ အကြွေးယူခွင့်နှုန်းထားပြင်ဆင်ခြင်းနှင့် အခြားသော ငွေကြေးဆိုင်ရာ ကိစ္စရပ်များအတွက် ကူညီပေးရန် စီးပွားရေးအားပေးမြှင့်တင်မှု ဝန်ဆောင်မှုများ။ အလုပ်ခွင်တွင်း လေ့ကျင့်သင်ကြားရေးနှင့် ပညာပေးအစီအစဉ်များသို့ လွှဲအပ်ပေးခြင်း။**

---

**အိုးအိမ်အဆောက်အအုံ၊ ကာကွယ်ထိန်းချုပ်ရေး အမိန့်စာ၊ ကလေးသူငယ် ထောက်ပံ့မှု၊ ထိန်းသိမ်းစောင့်ရှောက်မှု၊ သွားရောက်တွေ့ဆုံခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ကွာရှင်းပြတ်စဲခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးရန် ရှေ့နေများ။**

---

**အထူးပြုကျွမ်းကျင်သော အစိုးရရှေ့နေများနှင့် တရားဥပဒေစိုးမိုးရေး။**

---

**ဝန်ဆောင်မှုများ ရယူနေစဉ် လုပ်ငန်းခွင်တွင်း ကလေးပြုစုစောင့်ရှောက်ခြင်း။**



## PorchLight တွင် သင်သည် တစ်ဦးတည်းမဟုတ်ပါ။

မိသားစုရေးရာ တရားမျှတရေးစင်တာသည် အကြမ်းဖက်မှုလျှော့ချရန် စီမံဖန်တီးပေးအပ်သော ဝန်ဆောင်မှုကွန်ရက်သို့ တံခါးပေါက်ဖြစ်သည်။ အကြမ်းဖက်မှုဖြစ်ပွားခြင်းကို ကျွန်ုပ်တို့လျှော့ချနိုင်သည့်အလျောက် အများပြည်သူဘေးကင်းလုံခြုံရေးကို မြှင့်တင်ခြင်း၊ လူသတ်မှုဖြစ်ပွားနှုန်းများကို လျှော့ချရန် အကူအညီပေးခြင်း၊ ထိခိုက်ခံစားရသူများနှင့် ရှင်သန်ကျန်ရစ်သူများကို ကူညီပံ့ပိုးရန် အသိုက်အဝန်းများကို ပေါင်းစည်းစေနိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ပေးအပ်သော ဝန်ဆောင်မှုများ၏ ထိရောက်မှုကို မြှင့်တင်ခြင်းတို့အား ဆောင်ရွက်နိုင်ပါမည်။ အကြမ်းဖက်မှုသံသရာကို ချိုးဖျက်ရန်နှင့် ကျွန်ုပ်တို့၏လူမှုအသိုက်အဝန်းများအတွင်း ဘေးကင်းမှုကို ထိန်းသိမ်းရန် ကျွန်ုပ်တို့ အားစိုက်ဆောင်ရွက်နေပါသည်။


---

ဤသည်တို့ကို လေ့လာသိရှိရန် **www.porchlightfjc.org** သို့ ဝင်ရောက်ပေးပါ-

- **စေတနာ့ဝန်ထမ်း ဘယ်လိုလုပ်မလဲ။**
- **ဘယ်လိုလှူဒါန်းရမလဲ။**
- **သင်ကိုယ်တိုင် သို့မဟုတ် လိုအပ်နေသူတစ်စုံတစ်ဦးအတွက် ဝန်ဆောင်မှုများ ဘယ်လိုရယူမလဲ။**




**PorchLight မိသားစုရေးရာ တရားမျှတရေးစင်တာ**
11100 W. 8th Ave., Suite 200, Lakewood, CO 80215
303-271-6100 • www.porchlightfjc.org



**ကျွန်ုပ်တို့၏လမ်းစဉ်မှာ ထိခိုက်ခံစားရသူများ၊ ရှင်သန်ကျန်ရစ်သူများနှင့် သူတို့၏ကလေးများအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို စုစည်းပေါင်းစပ်ပြီး အပြုသဘောဆောင်သော အနာဂတ်လမ်းကြောင်းတစ်ခု ဖော်ဆောင်ပေးရန်နှင့် အများပြည်သူလုံခြုံရေးကို မြှင့်တင်အားပေးရန် ဖြစ်သည်။**

PorchLight
A Family Justice Center
*You are not alone.*

---

11100 W. 8th Ave., Suite 200, Lakewood, CO 80215
**www.porchlightfjc.org**
**303-271-6100**
**ဖွင့်လှစ်ချိန်-** နံနက် 8:30 –ညနေ 4:30
ကြိုတင်ချိန်းဆိုခြင်းမပြုဘဲ လာရောက်ရန် တိုက်တွန်းပါသည်။ ချိန်းဆိုထားရန် မလိုအပ်ပါ။







## PorchLight ကို ဘာကြောင့်ရွေးမလဲ။

လူတစ်ဦးသည် မိမိ၏ကလေးများရှေ့မှောက်တွင် စော်ကားတိုက်ခိုက်ခံရပါက သို့မဟုတ် အခြားသောအကြမ်းဖက်မှုတစ်မျိုးမျိုးကို ခံစားခဲ့ရသူ ဖြစ်ပါက  ဖြေဖျောက်ကုစားမှု စတင်ရန်အတွက် ဝန်ဆောင်မှုများရယူရန် လူမှုပတ်ဝန်းကျင်အတွင်း အေဂျင်စီများစွာထံသို့ မိသားစုအား လွှဲအပ်ပေးကြပါသည်။ PorchLight သည် ထိုဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် ပေါင်းစပ်စုစည်းထားပြီး သွားလာရခြင်း၊ လျှောက်ထားရခြင်း၊ မိမိကြုံခဲ့သော ဖြစ်စဉ်ကို ပြောပြရသည့် အကြိမ်ရေ၊ အလုပ်မှခွင့်ယူရခြင်းနှင့် ကလေးပြုစုစောင့်ရှောက်ရန် လိုအပ်ခြင်းတို့အား လျှော့ချပေးပါသည်။ ထိုဝန်ဆောင်မှုများကို အသုံးပြုရန်အတွက် ရာဇဝတ်ပြစ်မှုတစ်ခု ဖြစ်ပွားခဲ့ရန်မလိုပါ၊ ထိခိုက်ခံစားရသူများ၊ ရှင်သန်ကျန်ရစ်သူများအတွက် ဝန်ဆောင်မှုအားလုံးကို အခမဲ့ပေးအပ်ပါသည်။

## စင်တာအကြောင်း

မိသားစုရေးရာ တရားမျှတရေးစင်တာ PorchLight သည် Jefferson နှင့် Gilpin ကောင်တီများကို ဝန်ဆောင်ပေးပါသည်။ အကြမ်းဖက်မှုမှ ထိခိုက်ခံစားရသူများ၊ ရှင်သန်ကျန်ရစ်သူများအတွက် ပေါင်းစပ်ညှိနှိုင်းထားသော ဝန်ဆောင်မှုများ ပေးအပ်ရန် မိတ်ဖက်အေဂျင်စီ 75 ခုကျော်က အတူတကွလုပ်ဆောင်ကြပါသည်။ ဘာသာရပ်နယ်ပယ်ပေါင်းစုံမှ ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို တစ်နေရာတည်းတွင် ထားရှိပေးခြင်းနှင့် အေဂျင်စီတစ်ခုချင်းစီတွင် လုပ်ရှားဆောင်ရွက်မှုများကို ညှိနှိုင်းကွပ်ကဲပေးခြင်းဖြင့် ကျွန်ုပ်တို့သည် လိင်အကြမ်းဖက်တိုက်ခိုက်မှု၊ မိသားစုတွင်း အကြမ်းဖက်မှု၊ သက်ကြီးရွယ်အို နှိပ်စက်ညှဉ်းပန်းမှု၊ အန္တရာယ်ကြုံတွေ့နိုင်ခြေမြင့်မားသော လူတစ်ဦးချင်းစီကို နှိပ်စက်ညှဉ်းပန်းမှုနှင့် လူကုန်ကူးမှုတို့မှ ထိခိုက်ခံစားရသူများ၊ ရှင်သန်ကျန်ရစ်သူများကို ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ပါသည်။

ဥပဒေရေးရာ

ပညာရေး

ချက်ချင်း တုံ့ပြန်မှု

စိတ်ကျန်းမာရေး

**PorchLight**

တရားဥပဒေ စိုးမိုးရေး

ဆေးဘက်ဆိုင်ရာ

ကလေးပြုစု စောင့်ရှောက်မှု

အိုးအိမ် / ခိုလှုံရန်အမိုးအကာ

**"ကျွန်ုပ်တို့၏ မိသားစုရေးရာ တရားမျှတရေးစင်တာသည် နွေးထွေးစွာကြိုဆိုနေသော နေရာတစ်ခုဖြစ်ပြီး**
ထိခိုက်ခံစားရသူများ၊ ရှင်သန်ကျန်ရစ်သူများနှင့် သူတို့၏ကလေးများအနေဖြင့် အလွန်အရေးကြီးသော ဝန်ဆောင်မှုများ တစ်နေရာတည်းတွင် ရစေရန် ဝန်ဆောင်မှုပေးအပ်သူအသိုက်အဝန်းတစ်ခု စုပေါင်းလာရောက်ရာ နေရာဖြစ်ပါသည်။"

~ Candace Cooledge၊ အမှုဆောင်ဒါရိုက်တာ

**"ကျွန်ုပ်ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ကို အကြိမ်ပေါင်းသန်းချီ မပြောလိုပါ...**
အားလုံး တစ်နေရာတည်းမှာရှိနေမယ်ဆို သိပ်ကောင်းမှာပါ။"

~ ရှင်သန်ကျန်ရစ်သူ